# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 18, 2020 Volume 34, Number 11


**၁၈.၈.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၉၇ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၂၆၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၂/- ကျပ် |
| CBM Rate | = ၁၃၆၁.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၁၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၇.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၉၁.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၉.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၈၄.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၅၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၁၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၈၈ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၆၈၅ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## တရုတ်မှရွှေ့လာမည့် ဂျပန်စီးပွားရေးလုပ်ငန်းများ ဖိတ်ခေါ်ရေးနိုင်ငံတကာ စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်း အကောင်အထည်ဖော်ရန်လိုအပ်ဟုဆို




တရုတ်နိုင်ငံမှ ဆုတ်ခွာလိုသော ဂျပန်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန် မြေနှင့် အလုပ်သမားရေးရာကိစ္စများ အပါအဝင် နိုင်ငံတကာ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တာဝန်ရှိသူအချို့က ပြောကြားသည်။

အမေရိကန်၊ တရုတ် နှစ်နိုင်ငံဆက်ဆံမှု တင်းမာနေချိန်တွင် တရုတ်နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများက အာဆီယံနိုင်ငံများကို ရွှေ့ပြောင်းလိုကြောင်း နိုင်ငံတကာ မီဒီယာအချို့တွင်ဖော်ပြနေသည်။ ထိုအခြေအနေက အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံအတွက် ဂျပန်စီးပွားရေးလုပ်ငန်းများကို ဆွဲဆောင်ရန် အလားအလာကောင်းတစ်ခုဖြစ်ပြီး စီးပွားရေးဝန်းကျင်ကို ကြိုတင်ပြင်ဆင်ရန်လိုအပ်ကြောင်း ကုန်သည်၊ စက်မှုအသင်းချုပ် တာဝန်ရှိသူများကပြောသည်။ “ဂျပန်အပါအဝင် ကမ္ဘာ့နိုင်ငံများ၊ အထူးသဖြင့် US နဲ့ Europe က ရင်းနှီးမြှုပ်နှံသူတွေကို မြန်မာနိုင်ငံလိုပဲ အာဆီယံနိုင်ငံတွေက အလုအယက် ဆွဲဆောင်ဖိတ်ခေါ်နေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ သူတို့နဲ့ယှဉ်ပြိုင်နိုင်ဖို့ အရေးကြီးပါတယ်”ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ကိုင်ရမှုညွှန်းကိန်း (Ease of Doing Business Ranking) ကောင်းမွန်လာလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်လာနိုင်သည်ဟု ၎င်းကဆိုသည်။ “အလားအလာကောင်းတွေရှိတယ်။ နိုင်ငံတိုင်းက ဝင်လာချင်တယ်။ ဒီမှာက ပြုပြင်စရာတွေတော့ရှိနေတယ်” ဟု ကုန်သည်၊ စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောသည်။ အခြေခံ အဆောက်အအုံပိုင်း လိုအပ်ချက်များအပြင် အစိုးရဌာနများ၏ ကြိုးနီစနစ်ဖြေလျှော့မှုများ၊ အလုပ်ရှင်၊ အလုပ်သမားပြဿနာများ လွယ်ကူစွာဖြေရှင်းနိုင်ရေးတို့ကို နိုင်ငံခြားစီးပွားရေး လုပ်ငန်းရှင်များက လိုလားသည်ဟု ၎င်းကပြောသည်။

ဂျပန်အပြည်ပြည်ဆိုင်ကုန်သွယ်ရေးအဖွဲ့ (JETRO) ၏ ၂၀၂၀ ဇူလိုင် ၃၀ ရက်စွဲဖြင့် ထုတ်ပြန်သော အစီရင်ခံစာတွင် အမေရိကန်-တရုတ် တင်းမာမှုများကြောင့် တရုတ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများကို အာဆီယံသို့ပြောင်းရွှေ့ရန် စီစဉ်ကြသည်ဟု ဖော်ပြထားသည်။ တရုတ်နိုင်ငံရှိ ဂျပန်စီးပွားရေးလုပ်ငန်းများသည် နောက်သုံးနှစ်

အတွင်း ဗီယက်နမ်နိုင်ငံကို ၄၁ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံကို ၃၆ ဒသမ ၃ ရာခိုင်နှုန်း ပြောင်းရွှေ့ချင်ကြသည်ဟုဆိုသည်။ ၂၀၁၈ ကတည်းကပင် အမေရိကန်-တရုတ်တင်းမာမှုကြောင့် ဂျပန်စီးပွားရေးလုပ်ငန်းများက အာဆီယံနိုင်ငံများကို ရွှေ့ ပြောင်းချင်ခြင်း ဖြစ်သည်ဟုဆိုသည်။

မြန်မာနိုင်ငံတွင်လည်း ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများကိုဆွဲဆောင်ရန် မော်လမြိုင်တွင် အထူးစီးပွားဇုန်တစ်ခုကို တည်ထောင်မည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကဆိုထားသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကျော်သည်။ သီလဝါတွင် သဘာဝ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံစီမံကိန်းတွင် ဂျပန်ကုမ္ပဏီသုံးခုက ဒေါ်လာ ၁ ဒသမ ၅ဘီလီယံမှ နှစ်ဘီလီယံအထိ ရင်းနှီးမြှုပ်နှံရန်စီစဉ်ထားသည်။ ရင်းနှီးမြှုပ်နှံမှု ပမာဏကြီးမားသော ဂျပန်နိုင်ငံမှ စီမံကိန်းများ မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်းက နိုင်ငံဂုဏ်သိက္ခာကိုမြင့်တက်စေပြီး ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ယုံကြည်မှုတိုးတက်စေသည်ဟု စီးပွားရေး ပညာရှင်အချို့ကသုံးသပ်သည်။

**Source:** https://7day.news/detail?id=195885

## အထည်ချုပ်လုပ်ငန်းများ ကုန်ကြမ်းမှာ၍ ချုပ်လုပ်နေရပြီး အော်ဒါရရှိမှုလည်း တိုးတက်ခြင်းမရှိသေး



လက်ရှိတွင် ပြည်တွင်းအထည်ချုပ်လုပ်ငန်းများအနေဖြင့် ကုန်ကြမ်းမှာ၍ ချုပ်လုပ်နေရပြီး ယခုလအတွက်သာ ချုပ်လုပ်ရန် အော်ဒါရှိနေကာ လာမည့်လအတွက် အော်ဒါရရှိမှုမရှိသေး ကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ဦးထွန်းထွန်း၏ ပြောဆိုချက်အရသိရသည်။ ''လက်ရှိအချိန်ထိတော့ ကျွန်တော်တို့ စက်ရုံအချင်းချင်း ကုန်ကြမ်းမှာပြီး ချုပ်နေကြတယ်။ အခုလိုမှာပြီး လုပ်ကိုင်နေရတဲ့ အတိုင်းအတာ ကုန်သွားရင်တော့ ဘယ်လိုဆက်ဖြစ်မလဲ မပြောတတ်သေးဘူး။ အခုအချိန်ထိတော့ အော်ဒါရရှိမှု တိုးတက်လာတာ မရှိသေးဘူး'' ဟု ဦးထွန်းထွန်းကပြောသည်။ လတ်တလောတွင် ယခင်အော်ဒါအဟောင်းများကိုသာ ချုပ်လုပ်နေခြင်းဖြစ်ပြီး COVID-19 ရောဂါအခြေအနေကြောင့် ကုန်ချောဝယ်ယူသည့် အမေရိကန်နှင့်ဥရောပနိုင်ငံများ၏ ကျဆင်းသွားသည့် စီးပွားရေးလုပ်ငန်းများတွင် ဖက်ရှင်လုပ်ငန်းများလည်းပါဝင်ရာ အခက်အခဲပိုမိုများပြားနိုင်ကြောင်းသိရသည်။ ''ကျွန်တော်တို့ဆီက ကုန်ချောဝယ်ယူတဲ့နိုင်ငံတွေကလည်း COVID-19 ရောဂါကို မထိန်းချုပ်နိုင်သေးတော့ အဲဒီဘက်ကဝယ်နိုင်တဲ့ ကုမ္ပဏီတွေကလည်း ချက်ချင်းတော့မဝယ်ကြသေးဘူး။ ကျွန်တော်တို့တောင်မှ အခုအချိန်ထိ အကန့်အသတ်နဲ့ နေရသေးတာဆိုတော့ အထည်ချုပ်လုပ်ငန်းတင်မကဘူး၊ တခြားလုပ်ငန်း အားလုံးချက်ချင်းတော့ ပြန်ပြီးနာလန်မထူနိုင်သေးပါဘူး'' ဟု ဦးထွန်းထွန်းက ပြောသည်။

ပြည်တွင်း၌ အထည်ချုပ်လုပ်ငန်းကို လက်ခစားစနစ်ဖြင့် အဓိကလုပ်ကိုင်နေခြင်းဖြစ်ရာ လေးလခန့်အချိန်ယူ၍ စာချုပ်များချုပ်ဆိုကာ အော်ဒါများ လက်ခံရလေ့ရှိကြောင်းသိရသည်။ ပြည်တွင်း၌ ချုပ်လုပ်နေသည့် အထည်ချုပ်လုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ ပြည်ပအော်ဒါများကို လက်ခစားစနစ်ဖြင့် ချုပ်လုပ်နေခြင်းဖြစ်ကာ ကုန်ကြမ်းအများစုကို ပုံမှန်နီးပါး လုပ်ငန်းပြန်လည်စတင်နိုင်ပြီဖြစ်သည့် တရုတ်နိုင်ငံမှ တင်သွင်းခြင်းဖြစ်သော်လည်း ဝယ်လက်နိုင်ငံများဖြစ်သည့် အမေရိကန်နှင့် ဥရောပနိုင်ငံများ၌ COVID-19 ရောဂါဆက်လက်ဖြစ်ပွားနေဆဲဖြစ်သောကြောင့် ဝယ်လိုအားကျဆင်းကာ အော်ဒါ ရရှိမှု နည်းပါးနေဆဲဖြစ်ကြောင်းသိရသည်။

**Source:** https://myawady.net.mm/node/670

## ကုမ္ပဏီများ၏ မတည်ငွေရင်း၊ အစုရှယ်ယာထည့်ဝင်ခြင်း၊ မတည်ငွေရင်း တိုးမြှင့်ခြင်းတို့အတွက် ထည့်ဝင်ငွေအပေါ် ဝင်ငွေရလမ်း စိစစ်မည်ဖြစ်ပြီး ဝင်ငွေရလမ်း မတင်ပြနိုင်ပါက အခွန်ကောက်ခံမည်




ကုမ္ပဏီများတွင် အစုရှယ်ယာထည့်ဝင်ခြင်းအတွက် အသုံးပြုသည့် ဝင်ငွေအပေါ် ဝင်ငွေရလမ်းစိစစ်မည်ဖြစ်ပြီး ဝင်ငွေရလမ်း မတင်ပြနိုင်ပါက စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် အခွန်ကောက်ခံမည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနက အသိပေးကြေညာချက် ထုတ်ပြန်ထားသည်။

ပြည်တွင်းအခွန်များဦးစီးဌာနသည် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ အပြည့်အဝကောက်ခံရရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရာ၌ အခွန်ထမ်းပြည်သူများမှ လိုလားစွာဖြင့် အခွန်ပေးဆောင်လာစေရေးအတွက် အခွန်ထမ်းပြည်သူများ၏ အခက်အခဲများအား အလေးထား ဂရုပြုဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ကုမ္ပဏီများတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစုရှယ်ယာထည့်ဝင်သူများ၏ အစုရှယ်ယာထည့် ဝင်ငွေများအပေါ် ဝင်ငွေရလမ်းစိစစ်သည့် လုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့မြန်ဆန်စွာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကုမ္ပဏီများတွင် အစုရှယ်ယာထည့်ဝင်ခြင်းအတွက် အသုံးပြုသည့် ဝင်ငွေအပေါ် ဝင်ငွေရလမ်းတင်ပြသည့် ကိစ္စရပ်များအား စိစစ်ခြင်း/အခွန်စည်းကြပ်ခြင်းဆိုင်ရာ စီမံချက်အဖွဲ့ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စီမံချက်ကာလအဖြစ် ၂၀၂၀ ပြည့်နှစ် ဩဂုတ်၁၇ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ သတ်မှတ်ထားပြီး စီမံချက်ရုံးခန်းကို အမှတ် (၁၆၃/၂၆၇)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံချက်အဖွဲ့အနေဖြင့် ဝင်ငွေရလမ်း တင်ပြသည့်ကိစ္စရပ်များအား စိစစ်ခြင်း/အခွန်စည်းကြပ်ခြင်းတို့ကို သတ်မှတ်ရက်များအတွင်း ဆောင်ရွက်ပေးမည်ဖြစ်ပြီး အဆိုပါသတ်မှတ်ရက်များမှာ အခွန်ထမ်းက ဝင်ငွေရလမ်းတင်ပြသည့်ကိစ္စများအတွက် လိုအပ်သောစာရွက်စာတမ်း၊ အထောက်အထားပြည့်စုံပါက အလုပ်လုပ်ရက် ငါးရက်အတွင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) အရ သတ်မှတ်ခွင့်ပြုထားသော အခွန်နှုန်းဖြင့် စည်းကြပ်မှုဆောင်ရွက်သည့်ကိစ္စများအတွက် လိုအပ်သောစာရွက်စာတမ်း၊ အထောက်အထားပြည့်စုံပါက ရုံးချိန်အတွင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးမင်းထွဋ်က “ အဓိကက ကုမ္ပဏီရှယ်ယာတွေကိစ္စပေါ့။ တချို့က ကုမ္ပဏီမတည်ငွေရင်းတိုးချင်ကြတယ်၊ အဲဒီတိုးတဲ့အခါမှာ မြို့နယ်ရုံးတွေကို ပတ်ပြီးသွားစရာမလိုဘဲ တစ်နေရာထဲမှာ One Stop နဲ့၊ ဥပမာ ကျွန်တော်က A ကုမ္ပဏီပေါ့။ အဲဒီမှာ ကျွန်တော်ရဲ့ မတည်ငွေကို ဒါမှမဟုတ် ရှယ်ယာကို ကျပ်သိန်း ၁၀၀၀ တိုးချင်တယ်၊ ဝင်ငွေရလမ်းလည်းမရှိဘူးဆိုရင် ကျပ်သိန်း ၃၀ အခွန်ဆောင်လိုက်ရင်ပြီးသွားပြီ။ ကျပ်သိန်း ၂၀၀၀ ထည့်ချင်တယ်ဆို ပထမ ကျပ်သိန်း ၁၀၀၀ ကို ကျပ်သိန်း ၃၀၊ နောက်ကျပ်သိန်း ၁၀၀၀ ကို ကျပ်သိန်း ၅၀ ထည့်လိုက်၊ ဒါဆိုပြီးပြီ။ ဒါမှမဟုတ် ကျွန်တော်က ဝင်ငွေရလမ်းရှိတယ်၊ ဘယ်ကုမ္ပဏီက အခွန်ဆောင်ပြီး ငွေဘယ်လောက်ရထားတယ်ဆိုပြီးပြောလိုက်တာနဲ့ အခွန်ရုံးက စစ်လိုက်တာနဲ့ တစ်နေရာထဲပြီးသွားပြီပေါ့။ အရင်က ဟိုဘက်ရုံး၊ ဒီဘက်ရုံး အဲဒီလိုတွေလျှောက်သွားရတာကို တစ်နေရာထဲ လုပ်ပေးလိုက်တာပါ။ ကားကကျပ်၊ အချိန်ကကုန်၊ အလုပ်ကရှုပ်လို့ မြန်သွားအောင် One Stop Service ပေးတာပါ။ ဟိုအရင်ကတည်းက ကုမ္ပဏီထောင်ခဲ့ပြီး အခုအချိန်အထိ ဝင်ငွေစိစစ်မှုမခံရသေးတဲ့ ကုမ္ပဏီတွေလည်းရှိတယ်။ အဲဒီကုမ္ပဏီတွေလည်း လာပြီး စိစစ်မှုခံယူရပါမယ်။ တချို့က အရင်ကတည်းက ဝင်ငွေရလမ်း စိစစ်ခံပြီး ကုမ္ပဏီထောင်ထားတာ၊ ထည့်ဝင်မတည်ငွေရင်းတိုးတာလည်း သူ့ဟာသူ တိုးထားတာမျိုးလည်းရှိပါတယ်။ ဒါပေမဲ့ ဝင်ငွေရလမ်း မစိစစ်ရသေးရင် သူလည်းစိစစ်မှုခံယူရပါမယ်။ ကုမ္ပဏီမတည်ငွေရင်းရော၊ ထပ်တိုးမတည်ငွေရော အကုန်အကျုံးဝင်ပါတယ်၊ စိစစ်မှုမခံယူရသေးရင် လာပြီးစိစစ်ရပါမယ်။ ပုဂ္ဂလိက ကုမ္ပဏီတွေရော၊ အများပိုင်ကုမ္ပဏီတွေပါ အကျုံးဝင်ပါတယ်။ အများပိုင်ကုမ္ပဏီ ရှယ်ယာဝယ်တဲ့သူတွေလည်း ဝင်ငွေရလမ်း

စိစစ်မှုခံယူရပါမယ်။ အဓိက ကတော့ ဒီ One Stop Service လုပ်တာ မြန်အောင်လုပ်ပေးတာပါ။ အချိန် စက်တင်ဘာ ၃၀ ရက်အထိသတ်မှတ်တာကလည်း အခုအခွန်လျှော့ချထားချိန်က အဲဒီအချိန်အထိပဲ။ အခွန်နှုန်းပြောင်းရင် ပြောင်းတဲ့အတိုင်း ဆက်လုပ်ပေးသွားမှာပါ”ဟု ပြောကြားသည်။

ဤကြေညာချက်နှင့်စပ်လျဉ်း၍ မေးမြန်းစုံစမ်းလိုပါက အခွန်ထမ်းဝန်ဆောင်မှု ဗဟိုအဖွဲ့ရုံး၊ အမှတ် ၅၉/၆၁ (မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်းနံပါတ် ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး၊ နေပြည်တော်၊ ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ် ၅၉/၆၁ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်းနံပါတ် ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း ၂၂x၂၃ လမ်းကြား၊ ဖုန်းနံပါတ် ၀၂- ၄၀၃၀၁၀၉၂ သို့ မေးမြန်းစုံစမ်းနိုင်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/187682

## မော်တော်ယာဉ်တင်သွင်းမှုနှင့်ပတ်သက်သည့် မူဝါဒအပြောင်းအလဲများကြောင့် SKD စနစ်ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများထိခိုက်နိုင်



မော်တော်ယာဉ်တင်သွင်းမှုနှင့် ပတ်သက်သည့် မူဝါဒအပြောင်းအလဲများကြောင့် ပြည်တွင်း၌ တစ်စိတ်တစ်ပိုင်း တပ်ဆင်ထုတ်လုပ်သည့်စနစ် SKD ဖြင့် ဆောင်ရွက်နေသည့် မော်တော်ယာဉ်လုပ်ငန်းများအပေါ် ထိခိုက်မှုရှိလာနိုင်ကြောင်း မော်တော်ယာဉ်ဝယ်ရောင်း လုပ်ငန်းလုပ်ကိုင်သူများ၏ ပြောပြချက်အရသိရသည်။

ယင်းနှင့်ပတ်သက်၍ မော်တော်ယာဉ် ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များ၊ တင်သွင်းရောင်းချသူ လုပ်ငန်းရှင်များနှင့် အရောင်းအဝယ်ပြုလုပ်သူများ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုရလဒ်များကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှတစ်ဆင့် အစိုးရထံတင်ပြမည်ဖြစ်ကြောင်းသိရသည်။ ''က.ည.န က မှတ်ပုံတင်ကြေးတွေလျှော့ပေးတဲ့အပေါ် SKD လုပ်ငန်းရှင်တွေက ထိခိုက်မှုရှိနိုင်တယ်ဆိုပြီး ကားလုပ်ငန်းရှင်တွေအားလုံးကို ခေါ်ပြီး ဩဂုတ် ၁၃ ရက်က ပဏာမဆွေးနွေးပွဲလုပ်ခဲ့တာပါ။ သက်ဆိုင်ရာလုပ်ငန်းရှင်တွေ တင်ပြတဲ့အချက်တွေ၊ အကြံပြုချက်တွေအပေါ်လိုက်ပြီး ဘာဆက်လုပ်မယ်ဆိုတာကို ပြန်လည်ဆွေးနွေးညှိနှိုင်းသွားမယ်''ဟု UMFCCI အထွေထွေ အတွင်းရေးမှူးချုပ် ဦးအေးဝင်းကပြောသည်။

လက်ရှိဈေးကွက်အတွင်း သတ်မှတ်ခဲ့သည့် အခွန်နှုန်းထားအတိုင်း ဈေးနှုန်းသတ်မှတ်ရောင်းချနေရသောကြောင့် အရောင်းအဝယ်ထိခိုက်မှုမရှိစေရန် မူဝါဒအသစ်၏ အကျုံးဝင်သည့်ကာလအတိုင်းအတာကို အတိအကျထုတ်ပြန်ပေးစေလိုကြောင်းနှင့် မူဝါဒမတည်ငြိမ်သကဲ့သို့ဖြစ်နေ၍ ရင်းနှီးမြှုပ်နှံရန် ထပ်မံဝင်ရောက်လာနိုင်သည့် လုပ်ငန်းရှင်များအတွက် အဟန့်အတား ဖြစ်စေနိုင်ကြောင်း SKD လုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။ '' SKD နဲ့ CBU ဆိုတာ အရင်တုန်းက ကွာခြားချက်များတယ်။ အခုဈေးနှုန်းက အတူတူနီးပါးဖြစ်နေတော့ ဈေးကွက်ယှဉ်ပြိုင်မှုတွေရှိလာတယ်''ဟု မော်တော်ယာဉ် အရောင်းစင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန(က.ည.န)အနေဖြင့် COVID- 19 ရောဂါကြောင့်ဖြစ်ပေါ်လာသော စီးပွားရေးကျဆင်းမှုများကို ကုစားသည့်အနေဖြင့် က.ည.န မှတ်ပုံတင်ကြေးကို လက်ရှိနှုန်းထား၏ ထက်ဝက်အထိ လျှော့ချသတ်မှတ်ပေးခဲ့ကြောင်းသိရသည်။

**Source:** https://myawady.net.mm/node/676

## တရားမဝင်နိုင်ငံခြားဖြစ်ယမကာများ တရားဝင်ဖြစ်ရန် ကြေညာလွှာတင်သွင်းရမည်

တရားမဝင်တင်သွင်းထားသည့် နိုင်ငံခြားဖြစ်ယမကာများ တရားဝင်ဖြစ်စေရန် ကြေညာလွှာတင်သွင်းရမည်ဟု ပြည်တွင်းအခွန်များဦးစီးဌာနက ဩဂုတ် ၁၇ ရက်တွင် ထုတ်ပြန်သည်။ ပြည်တွင်းသို့ နိုင်ငံခြားဖြစ်ယမကာများ တရားဝင် တင်သွင်းခွင့်ရရှိတော့မည်ဖြစ်၍ ဈေးကွက်အတွင်း လုပ်ငန်းရှင်များယှဉ်ပြိုင်ရောင်းချရာတွင် နစ်နာမှုမရှိစေရန် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ပြည်တွင်းသို့ တရားမဝင်နည်းလမ်းများဖြင့်ရောက်ရှိနေသော နိုင်ငံခြားဖြစ်ယမကာများအတွက် ကျသင့်အခွန်အကောက်များ ပေးဆောင်စေရန်ဖြစ်သည်။

တရားမဝင်ယမကာများကို တရားဝင်ဖြစ်စေရန် စီမံချက်ချဆောင်ရွက်ပေးမည်ဖြစ်ပြီး ကြေညာလွှာတင်သွင်းရမည့်ရက်မှာ ဩဂုတ် ၂၁ ရက်မှ ၂၈ ရက်အထိဖြစ်သည်ဟု ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပြန်ထားသည်။ အဆိုပါကာလအတွင်း လုပ်ငန်းရှင်များသည် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ အချိန်မီကြေညာလွှာတင်သွင်းရမည်ဖြစ်သည်။ "စီးပွားကူးသန်းက နိုင်ငံခြားဖြစ်အရက်တွေ တရားဝင်တင်သွင်းဖို့ခွင့်ပြုလိုက်တဲ့အခါ တစ်ဖက်မှာလည်း တရားမဝင် ဝင်နေတဲ့အရက်တွေကိစ္စကို အခွန်နဲ့လိုက်စိစစ်မှရမယ်" ဟု ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကပြောသည်။ ကြေညာလွှာ နောက်ဆုံးတင်သွင်းရမည့် ဩဂုတ် ၂၈ ရက်နောက်ပိုင်း တင်ပြလာသည့်ကြေညာလွှာများကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်ဟုဆိုသည်။ စီမံချက်ကာလအတွင်း တရားမဝင်ယမကာများ ရောင်းချနေကြောင်းတွေ့ရှိပါကလည်း တည်ဆဲဥပဒေများနှင့်အညီ အရေးယူမည်ဟု ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသိပေးသည်။

အခွန်ဆောင်ပြီးပါက ယမကာများတွင် A1 အမှတ်အသား (ခြင်္သေ့) အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ပေးမည်ဖြစ်ပြီး ထိုလုပ်ငန်းကို စက်တင်ဘာလအတွင်း ဆောင်ရွက်မည်ဟုဆိုသည်။ "တရားမဝင်တင်သွင်းထားတာတွေအတွက် တရားဝင်နည်းလမ်းဖြစ်အောင် လမ်းဖွင့်ပေးလိုက်တယ်။ နောက် တရားဝင်အရက်ဈေးကွက်နဲ့ တန်းတူဖြစ်အောင် အခွန်ပေးဆောင်စေတဲ့နည်းလမ်းအသုံးပြုလိုက်တာမျိုးဖြစ်တယ်"ဟု မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများ အသင်းဥက္ကဋ္ဌဦးစိုးလွင်က သုံးသပ်သည်။

လာမည့်အောက်တိုဘာ ၁ ရက်ကစတင်ပြီး တရားဝင်အခွန် အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော နိုင်ငံခြားယမကာအမျိုးမျိုးကို လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် လက်လီလက်ကားရောင်းချခြင်းများအပေါ် အထူးကုန်စည်ခွန်ဥပဒေအရ အရေးယူမည်ဖြစ်သည်။ နိုင်ငံခြားဖြစ် ယမကာအမျိုးမျိုးကို ပြည်တွင်းသို့ တရားဝင်တင်သွင်းရောင်းချနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ယခုနှစ်မေလကခွင့်ပြုခဲ့ သည်။

Source: https://7day.news/detail?id=195883

## မိုးမြေပဲများနုတ်သိမ်းခြွေလှေ့စက် အငှားလိုက်သူများအဆင်ပြေ



မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ယခုအခါ မိုးမြေပဲများ နုတ်သိမ်းလျက်ရှိရာ လူအားဖြင့် မြေပဲဆွတ် ခေါ်ယူအသုံးမပြုကြတော့ဘဲ မိုးလေကင်းလွတ်စေရန် စက်များဖြင့်ခြွေလှေ့နေကြသောကြောင့် ခြွေလှေ့စက်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်း၌ မိုးမြေပဲများကို ကဆုန်လဆန်းတွင် စတင်စိုက်ပျိုးကြပြီး မိုးဦးကျက မိုးရွာသွန်းမှု ကောင်းမွန်သဖြင့် တောင်သူများ စိုက်ပျိုးရာသီအစတွင် အဆင်ပြေကြသော်လည်း မိုးလယ်ကာလ မတ်လမှစ၍ ပြေီတစ်လလုံးနီးပါး မိုးရွာသွန်းမှု နည်းပါးသွားသဖြင့် ဒေသအချို့တွင် နှမ်းသီးနှံများ ပျက်စီးခဲ့သည်။ ထို့အတူ မိုးမြေပဲများ ဒေသအခေါ် အစွယ်ချချိန် မိုးရွာသွန်းမှုနည်းပါးပြီး အသီးအားယူချိန်တွင် မိုးပြတ်သွားသဖြင့် အပင်သန်ကာ အသီးပါသော်လည်း မြေပဲအဆန်ပါဝင်မှုနည်းပါးကာ အောင်မြင်ဖြစ်ထွန်းမှုနည်းခဲ့ကြောင်း၊ သို့သော် သီးနှံပေါ်ချိန်ဖြစ်သည့် နှမ်းထောင်၊ နှမ်းခါချိန်နှင့် မြေပဲနုတ်ချိန်တို့တွင် အညာဒေသ၌ မိုးရွာသွန်းတတ်သည့်အတွက် မိုးလေကင်းလွတ်စေရန် မြေပဲစိုက်

တောင်သူများက ခြွေလှေ့စက်များ အသုံးပြုလာကြသဖြင့် မြေပဲခြွေလှေ့စက်အငှားလိုက်သူများ အဆင်ပြေလျက်ရှိသည်။ "ပဲဖော်ချိန်ဆိုတော့ အလုပ်ကတော့ နေ့စဉ်လိုက်နေရတာပါပဲ။ ဒါပေမဲ့ ဒီနှစ်မိုးမကောင်းတော့ ပဲသိပ်မရကြဘူး။ မနှစ်က ဒီအချိန်ဆို တစ်နေ့ကို တင်း ၂၀၀ ကျော်ခြွေရတယ်။ ဒီနှစ်ကတော့ တစ်နေ့မှတင်း၁၀၀ လောက်ပဲ ခြွေရတယ်။ ပဲမကောင်းတော့ တစ်နာရီမှ ၁၈ တင်းပဲ ကျတယ်။

ပဲကောင်းရင်တော့ တစ်နာရီကို ၃၅ တင်းလောက်ကျတယ်။ ဝင်ငွေအနေနဲ့ကတော့ တစ်နေ့ကို ငွေကျပ် ခုနစ်သောင်း လောက်ရပါတယ်"ဟု ကန်နီကျေးရွာမှ ခြွေလှေ့စက်အငှားလိုက်သူ ကိုကျော်လင်းခိုင်ကပြောသည်။ အဆိုပါခြွေလှေ့စက်ဖြင့် မြေပဲ၊ စပါးနှင့်ပဲစင်းငုံသီးနှံများကို ခြွေလှေ့နိုင်ပြီး မြေပဲခြွေလှေ့ရာတွင် ပဲရိုးတခြား၊ ပဲရွက်မှော်တခြားနှင့် မြေပဲတောင့်များကို သဲသန့်စင်ပြီးထွက်ရှိသဖြင့် တောင်သူများက လှည်းပေါ်တင်၍ သယ်ယူသွားရန်သာရှိသောကြောင့် စက်ဖြင့်အငှားခြွေလှေ့ခြင်းများ တွင်ကျယ်နေခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://myawady.net.mm/node/682

## ဈေးကွက်အလားအလာ ကျဆင်းနေခြင်းကြောင့် မရမ်းပင်စိုက်သူများ တွက်ချေမကိုက်ဖြစ်နေ



ဈေးကွက်အလားအလာ ကျဆင်းနေခြင်းကြောင့် မရမ်းစိုက်သူများ တွက်ချေမကိုက်ဖြစ်နေကြောင်း တောင်သူများကပြောသည်။ မရမ်းသီး ဖြိုင်ဖြိုင်ပေါ်ချိန်တုန်းကတောင် ရွှေလီလမ်းကပိတ်တော့ အရောင်းလည်း ကျ ဈေးလည်းကျသွားခဲ့ပါတယ်။ အပင်တွေကသီးပါတယ်။ ဒါပေမဲ့ အခုနောက်ပိုင်း မခူးဖြစ်တော့ဘူး။ ခူးခနဲ့ပြန်ရတဲ့ငွေကြေးနဲ့က တွက်ချေ မကိုက်တော့ဘူးလေ။ စာရင်းချုပ်တော့ အရင်နှစ်ကထက် သုံးပုံတစ်ပုံပဲ ကိုယ့်အတွက်ကျန်တော့တယ်ဟု တောင်ငူမြို့မှ မရမ်းပင်စိုက်ပျိုးသူ ဦးခင်မောင်မြင့်ကပြောသည်။

မရမ်းပင်ကို တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့၌ အဓိကစိုက်ပျိုးကြပြီး၊ မရမ်းသီးအစိမ်း၊ အမှည့်၊ မရမ်းပြား (အခြောက်၊ အစို) အစရှိသည့် နည်းလမ်းအမျိုးမျိုးဖြင့် ရောင်းဝယ် ဖောက်ကားကြသည်။ ကိုဗစ်မဖြစ်ခင် အစောပိုင်းလောက်ကတည်းက ပြည်ပကို သစ်သီးဝလံတင်ပို့ရောင်းချမှုလေးတွေက သိပ်ပြီးအဆင်မပြေတော့တာ။ ဒါကတော့ ဖရဲသမားတွေ ပြောင်းဖူးသမားတွေလည်း အနည်းနဲ့အများဆိုသလို ထိခိုက်ကြတာ ပါပဲ။ ကိုဗစ်ဖြစ်လိုက်တော့ ပိုပြီးတော့ ဆိုးသွားတာပေါ့ဟု ပဲခူးတိုင်းမှ ကုန်သည်တစ်ဦးကပြောသည်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလက ပဲခူးတိုင်းဒေသကြီးအတွင်း၌ မရမ်းသီးတစ်ပိဿာလျှင် ကျပ် (၃၀,၀၀၀) မှ (၄၀,၀၀၀) အတွင်း ပေါက်ဈေးရရှိခဲ့ကြောင်းသိရ သည်။

**Source:** https://greenwaymyanmar.com/posts/marian_market

## စင်ကာပူသို့ မြန်မာ့သရက်သီး တန် ၁၀၀ နီးပါး တင်ပို့နိုင်ခဲ့ပြီး လာမည့်ရာသီတွင်လည်း နိုင်ငံတကာသို့တင်ပို့မှု အလားအလာကောင်းမည်

မြန်မာ့သရက်သီးကို နိုင်ငံတကာဈေးကွက် ရှာဖွေတင်ပို့လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်မှ ဇူလိုင်လအတွင်း စင်ကာပူ နိုင်ငံသို့ သရက်သီးတန်ချိန် ၁၀၀ နီးပါးတင်ပို့နိုင်ခဲ့ပြီး အလားအလာကောင်းများရှိသဖြင့် လာမည့်နှစ်တွင် အခြားနိုင်ငံများသို့ ဈေးကွက်တိုးချဲ့ရန်လည်းစီစဉ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သရက်အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ(သဇင်နွယ်)က ပြောသည်။ သရက်သီးရာသီသည် ဧပြီလကုန်မှ ဇူလိုင်နှင့်ဩဂုတ်လအထိဖြစ်ရာ ယခင်နှစ်က ထိုကာလအတွင်း စင်ကာပူနိုင်ငံ ဈေးကွက်သို့ တန်ချိန် ၂၀ ခန့်သာတင်ပို့နိုင်ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁၀၀ နီးပါး တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာ စားသုံးမှု ဈေးကွက်တွင်လည်း နေရာတစ်ခုရရှိနေပြီဖြစ်သည်။ "အခုတော့ သရက်ရာသီကုန်သွားပြီ။ နောက်ဆုံးထွက်တဲ့ ရှမ်းပြည်နယ်က သရက်တောင်မရှိတော့ဘူး။ ဒီနှစ် သရက်ရာသီမှာ စင်ကာပူကို NT Star နဲ့ သဇင်နွယ် နှစ်ခုပေါင်းအုပ်စုက သင်္ဘောနဲ့တင်ပို့ခဲ့

တော့ တင်ပို့မှုပိုင်းမှာအဆင်ပြေလို့ ပင်လယ်ရေကြောင်းနဲ့ ဂျပန်ပို့မလား၊ အလားအလာကောင်းတွေရှိနေပြီ။ အခြားနိုင်ငံတွေဆီ တင်ပို့ဖို့လည်း စီစဉ်နေကြပြီ”ဟု ၎င်းကပြောသည်။ ကိုဗစ်- ၁၉ ရောဂါနှင့် တရုတ်သို့သစ်သီးများတင်ပို့မှု အများဆုံးကာလ တိုက်ဆိုင်ခဲ့သည့်အတွက် တရုတ်နိုင်ငံ ဈေးကွက်တွင် ဆုံးရှုံးမှုနှင့်ဈေးကွက်မတည်ငြိမ်မှုများကို ကြုံတွေ့ခဲ့ရကာ ပြည်တွင်းမှ ကုန်သည်နှင့် စိုက်ပျိုးသည့်တောင်သူများ နစ်နာဆုံးရှုံးမှုများရှိခဲ့သော်လည်း စင်ကာပူနိုင်ငံသို့ တင်ပို့နိုင်မှုသည် အမြင့်ဆုံး ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ ဈေးကွက်တွင်မူ ဝယ်လိုအားနည်းသည့်အပြင် ဈေးနှုန်းလည်း ယခင်နှစ်ထက် လျော့နည်းခဲ့ကြောင်း သိရသည်။

“စင်ကာပူကို တင်ပို့တဲ့သူက အရင်ထက်များလာတယ်။ သရက်သီးက ဒီနှစ်မှာ ပြည်တွင်းမှာလည်း ပိုလျှံခဲ့တယ်။ တရုတ်ဈေးကွက်ကလည်း အဆွဲနည်းခဲ့တယ်။ ဒီလိုအချိန်မှာ စင်ကာပူဘက် တင်ပို့နိုင်မှုများလာတာက အလားအလာကောင်းပေါ့။ တရုတ်ဈေးကွက်မှာ ၁၆ ကီလို တစ်ခြင်းမှ အများဆုံး ယွမ် ၁၃၀ ပဲရပြီး မနှစ်က ၁၆၀ အထိရခဲ့တယ်”ဟု မြန်မာ သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အတွင်းရေးမှူး ဦးကျော်စိုးနိုင်ကပြောသည်။ မြန်မာနိုင်ငံမှ ပြည်ပသို့ သရက်သီးတင်ပို့မှု စာရင်းများအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄၇၇၄၇ ဒသမ ၉၅ တန် (အမေရိကန် ဒေါ်လာ ၁၄ ဒသမ ၀၇သန်း)၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၉၄၄၄ တန်(အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၀၆ သန်း)၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၃၀၉၄၄ ဒသမ ၁ တန် (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆၂ သန်း)၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၄၇၁၀၀ ဒသမ ၀၄ တန် (အမေရိကန် ဒေါ်လာ ၁၉ ဒသမ ၀၈ သန်း)၊ ၂၀၁၉-၂၀၂၀ (၂၀၁၉ အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ မေ ၁၇ အထိ)တွင် ၂၃၁၅ ဒသမ ၂၅ တန် (အမေရိကန်ဒေါ်လာ ၀ ဒသမ ၉၇ သန်း) တင်ပို့နိုင်ကြောင်းသိရသည်။ မြန်မာတစ်နိုင်ငံလုံးတွင် သရက်စိုက်ဧက ၂၅၀၀၀၀ ခန့်ရှိပြီး သရက်သီးအထွက်နှုန်းမှာ တန်ချိန် ၆ ဒသမ ၆ သိန်းကျော်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည် တော်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် အများဆုံးစိုက်ပျိုး၍ စင်ကာပူသို့တင်ပို့ရာတွင် အအေးခန်းများဖြင့် တင်ပို့ခြင်းဖြစ်ပြီး တောင်သူများထံမှ ဝယ်ယူရာတွင်လည်း စံချိန်မီသရက်သီးများဖြစ်ရန်နှင့် အရွယ်အစားအလိုက် ဈေးနှုန်း သတ်မှတ်၍ ဝယ်ယူခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/ MYANMAALINNNEWS/?hc_ref=ARRNLGCvGbD3B5MKd5SH 4le2Ld9xpon 1Dgc 5c KmH5xNZjXqEFRwwCQwJmRFGPhu3F8U&fref=nf&__tn__=kC-R

## ကြာအင်းဆိပ်ကြီးမြို့တွင် ဖူးစားပြောင်းစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းလျက်ရှိ



ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် မိုးရာသီစိုက်ပျိုး သီးနှံဖြစ်သည့် ဖူးစားပြောင်းကို စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ပြောင်းဖူး တစ်ဖူးလျှင် နှစ်ရာကျပ်အထိရရှိကာတောင်သူများအနေဖြင့် ဝင်ငွေတိုးပွားလျက် ရှိကြောင်းသိရသည်။

ဖူးစားပြောင်းစိုက်ပျိုးသည့် ရသေ့ကျေးရွာအုပ်စုရှိ မဲသရောကျေးရွာမှ ဒေသခံ တိုင်းရင်းသားတောင်သူ စောကိုကိုဝင်းက "မိမိလယ်ယာမြေ၌ ဖူးစားပြောင်း အပင် လေးသောင်းကျော် စိုက်ပျိုးထားရှိပြီး အောင်မြင်ဖြစ်ထွန်းကာ ဝင်ငွေများတိုးပွားရရှိလျက်ကြောင်းသိရသည်။ အဆိုပါ ဖူးစားပြောင်းကို ယခုနှစ်မှသာ စတင်စမ်းသပ်စိုက်ပျိုးပြီး စိုက်ပျိုးမှုကုန်ကျစရိတ်မှာလည်း အနည်းငယ်သာရှိပြီး အောင်မြင်ဖြစ်ထွန်းကာ မိသားစုအပိုဝင်ငွေရရှိကြောင်း" ပြောကြားပါသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ကော့မှူးမြို့နယ်တွင် အထူးစီးပွားရေးဇုန်တစ်ခုဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရကို တင်ပြထား

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်မှာ အထူးစီးပွားရေးဇုန်ဖော်ဆောင်ဖို့အတွက် ပြည်ထောင်စုအစိုးရကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တင်ပြထားတယ်လို့ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးရဲမင်းဦးကပြောပါတယ်။ “မြန်မာနိုင်ငံမှာ အထူးစီးပွားရေးဇုန်အနေနဲ့ သုံးခုရှိတယ်။ ကျောက်ဖြူမှာတစ်ခုရှိတယ်။ ရန်ကုန် သီလဝါမှာတစ်ခုရှိတယ်။

ကျွန်တော်တို့ ထားဝယ်မှာတစ်ခုရှိတယ်။ အခုနောက်ပိုင်းမှာ ကျွန်တော်တို့ထပ်ပြီးတော့ ရန်ကုန်မှာ အထူးစီးပွားရေးဇုန်တစ်ခု တည်ဆောက်သင့်တယ်။ တည်ဆောက်ဖို့နေရာလည်းရှိတယ်။ တည်ဆောက်နိုင်တဲ့ အခွင့်အလမ်းလည်းရှိတယ်ဆိုပြီးတော့ ကျွန်တော်တို့ကနေ ပြည်ထောင်စုအစိုးရအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရကနေ တင်ပြထားတာရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရကနေတင်ပြချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူတယ်ဆိုရင် ရန်ကုန်မှာနောက်ထပ် အထူးစီးပွားရေးဇုန်တစ်ခု ပေါ်လာပါလိမ့်မယ်”လို့ ဦးရဲမင်းဦးကပြောပါတယ်။

အထူးစီးပွားရေးဇုန်တွေ ဖော်ဆောင်တဲ့နေရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့က စီမံခန့်ခွဲတာဖြစ်တဲ့အတွက် အခု အကောင်အထည်ဖော်ဆောင်ရွက်မယ့် အထူးစီးပွားရေးဇုန်ကို ပြည်ထောင်စုအစိုးရထံ အပ်နှံလိုက်တာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ လေ့လာဆန်းစစ်မှုတွေ၊ ပညာရှင်တွေနဲ့ ဆွေးနွေးမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ စက်မှုဇုန်သစ်အနေနဲ့လည်း ကိုးရီးယားနိုင်ငံက မှော်ဘီညောင်နှစ်ပင်မှာ စက်မှုဇုန်စီမံကိန်းကို လုပ်ဆောင်နေပါတယ်။ ဒါအပြင် ထိုင်းနိုင်ငံက Amata Group နဲ့လည်း ဒဂုံမြို့သစ်အရှေ့ပိုင်းမှာ စက်မှုဇုန်ပါဝင်တဲ့ မြို့သစ်စီမံကိန်းတစ်ခုကို လုပ်ဆောင်နေတာတွေရှိတယ်လို့ ဦးရဲမင်းဦးက ပြောပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လ ၂၉ရက်က video conference စနစ်နဲ့ပြုလုပ်တဲ့ မြန်မာ-ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်မှာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကတော့ ရန်ကုန်အနောက်ပိုင်းစက်မှုဇုန် တည်ဆောက်ရေးစီမံကိန်းသစ်နဲ့ မွန်ပြည်နယ်မှာ အကောင်အထည်ဖော်ဆောင်ရွက်မယ့် အထူးစီးပွားရေးဇုန်သစ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ရှိတယ်လို့ ပြောကြားထားပါတယ်။

**Source:** https://web.facebook.com/onenewsmyan/photos/a.1515516265429581/2617455468568983/

## ကားပြပွဲက ဝူဟန့်မြို့၏စီးပွားရေးကို တွန်းအားပေးနိုင်ခဲ့




တရုတ်နိုင်ငံ အလယ်ပိုင်း ဟူပေပြည်နယ် ဝူဟန့်မြို့တွင် ဩဂုတ် ၁၇ ရက်က ပြီးဆုံးခဲ့သော ၁၈ ကြိမ်မြောက် နိုင်ငံတကာကားပြပွဲ၌ ယွမ် ၃.၅၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၀၇ သန်းခန့်) တန်ဖိုးရှိသော ကားအဝယ်မှာယူမှုများ လက်ခံရရှိခဲ့ကြောင်း သိရ သည်။ ကပ်ရောဂါဒဏ် အပြင်းထန်ဆုံးခံစားခဲ့ရပြီးနောက် ရောဂါဖြစ်ပွားမှုကျဆင်း လာသဖြင့် ဧပြီလအစောပိုင်းက အသွားအလာကန့်သတ်မှုများ ဖယ်ရှားခဲ့သည့် ဝူဟန့် မြို့တွင် ပထမဆုံး အဓိကစီးပွားရေးလုပ်ဆောင်မှုအဖြစ် ကားအရောင်းပြပွဲ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ငါးရက်တာပြုလုပ်ခဲ့သည့် ယင်းကားပြပွဲတွင် BMW နှင့် Mercedes-Benz အပါအဝင် ပြပွဲတွင်ပါဝင်ပြခဲ့သည့် ကားအမှတ်တံဆိပ်ပေါင်း ၆၀ ကျော်ထိရှိခဲ့ပြီး စွဲဆောင်မှုရှိသော ကားမော်ဒယ်သစ်များကိုလည်း ပြသခဲ့ကြောင်းသိရသည်။ ကားထုတ်လုပ်သူအများစုက ဝူဟန့်မြို့၏ကပ်ရောဂါတိုက်ဖျက်ရေးတိုက်ပွဲတွင် အသက်ပေးပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ချီးကျူးဂုဏ်ပြုကာ အခွင့်အရေးပေးအပ်ခဲ့ကြောင်း၊ ထိုသူများအနေဖြင့် ကားဝယ်ယူမည်ဆိုလျှင် အများဆုံးလျှော့ဈေးအဖြစ် ယွမ် ၂၀,၀၀၀ သက်သာခွင့်ပေးအပ်မည်ဖြစ်ကြောင်းသိရသည်။ ပြပွဲဖြစ်မြောက်ရေးစီစဉ်သူများသည် ပြပွဲလာရောက်မှုများကို စည်းကမ်းထိန်းညှိရန် အွန်လိုင်းမှတစ်ဆင့် လက်မှတ်ရောင်းချမှုများပြုလုပ်ခြင်း၊ ပြပွဲဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအစရှိသည့် ကပ်ရောဂါတိုက်ဖျက်ရေး ဆောင်ရွက်ချက်များစွာ လုပ်ဆောင်ခဲ့သည်။ တရုတ်နိုင်ငံ ကားရောင်းဝယ်ရေးအသင်း ဝူဟန့်ရုံးခွဲ၏ ဒုတိယအတွင်းရေးမှူးချုပ် ဝမ်ကျစ်က “ယခု ကားပြပွဲက သုံးစွဲသူတွေရဲ့ ယုံကြည်မှုကိုပြန်လည်ရယူပြီး ဝူဟန့်မြို့ရဲ့ စီးပွားရေးပြန်လည်စတင်ဖို့ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်တယ်” ဟု ပြောခဲ့သည်။

**Source:** https://xinhuamyanmar.com/china/economy/29072-2020-08-18-07-02-15

## ဂျပန်နိုင်ငံ၏စီးပွားရေး နှစ် ၄၀ အတွင်း အဆိုးဆုံးကျဆင်း

ကမ္ဘာ့မှာ တတိယစီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်တဲ့ ဂျပန်ဟာ ၂၀၂၀ ဘဏ္ဍာရေးနှစ် ဒုတိယ ၃ လပတ်မှာ နှစ် ၄၀ အတွင်း အဆိုးဆုံးစီးပွားရေးကျဆင်းခဲ့တယ်လို့ ဩဂုတ် ၁၇ ရက်မှာ ထုတ်ပြန်တဲ့ အစိုးရသတင်းအချက်အလက်တွေအရ သိရပါတယ်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ကပ်ဘေးကြောင့် စားသုံးမှုနဲ့ပြည်ပတင်ပို့မှု ထိခိုက်ခဲ့လို့ မူဝါဒချမှတ်သူတွေဟာ တမျိုးသားလုံးအသားတင်ထုတ်ကုန်တန်ဖိုးပမာဏ ၆ လကျော် ကျဆင်းမှု ပိုနက်ရှိုင်းတဲ့အဆင့် မရောက်အောင် ချမှတ်လုပ်ဆောင်ဖို့ ဖိအားပေးခံနေရပါတယ်။

ဧပြီနဲ့ဇွန်လကြား ဂျပန်စီးပွားရေးဟာ ၂၇ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ နဂိုခန့်မှန်းထားတဲ့ တန်ဖိုး ၂၇ ဒသမ ၂ ရာခိုင်နှုန်းထက် ပိုပြီးကျဆင်းခဲ့တာပါ။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုထိန်းချုပ်ရေး အသွားအလာကန့်သတ်ချက်တွေကြောင့် တဦးချင်းငွေသုံးစွဲမှုကလည်း ၈ ဒသမ ၂ ရာခိုင်နှုန်းအထိ စံချိန်တင်ကျဆင်းခဲ့ပါတယ်။ ပြည်ပကိုသဘောၤနဲ့ တင်ပို့မှုကလည်း ၁၈ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့သလို ပြည်ပဈေးကွက်ဆီ မော်တော်ကားတင်ပို့မှုကလည်း ပြင်းပြင်းထန်ထန်ထိခိုက်ပါတယ်။

ကမ္ဘာ့ကားအရောင်းကျဆင်းမှုကြောင့် ဂျပန်စီးပွားရေးရဲ့ အကြီးဆုံးတွန်းအားတွေဖြစ်တဲ့ ကားထုတ်လုပ်သူ မာဇဒါ မော်တော်ကော်ပိုရေးရှင်း၊ နစ်ဆန်းမော်တော်ကုမ္ပဏီနဲ့ သူတို့ရဲ့ယာဉ်အပိုပစ္စည်း ထုတ်လုပ်တင်ပို့မှုတွေလည်း ကျဆင်းသွားပါတယ်။ စီးပွားရေးဝန်ကြီးယစုတိုရှိနိရှိမုရကတော့ စုစုပေါင်း ပြည်တွင်းထုတ်ကုန် ကိန်းဂဏန်းတွေက အတော်လေး ဆိုးရွားပေမယ့် လတ်တလောမှာ စားသုံးမှုပြန်တက်လာတဲ့အတွက် အလင်းရောင်တချို့တော့ ရှိသေးတယ်လို့ ပြောပါတယ်။ ဧပြီလနဲ့ မေလမှာ စီးပွားရေး အောက်ဆုံးထိကျဆင်းခဲ့ပေမယ့် ပြန်တက်တဲ့လမ်းကြောင်းပေါ် တွန်းတင်ဖို့ အစွမ်းကုန် အားထုတ်ရမယ်လို့ ဝန်ကြီးက သတင်းစာရှင်းလင်းပွဲမှာပြောပါတယ်။

**Source: DVB**

https://news.ydnp.net/368121/

## ဇူလိုင်လတွင် စင်ကာပူနိုင်ငံ၏ ကုန်စည်ကုန်သွယ်မှု ၈.၉ ရာခိုင်နှုန်း ကျဆင်း၊ စက်သုံးဆီမဟုတ်သောပြည်တွင်းထုတ်ပို့ကုန်မှာ ၆ ရာခိုင်နှုန်းတိုးတက်ခဲ့

စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ ၁၇-၈- ၂၀၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ချက်အရ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လတွင် စင်ကာပူ၏ ကုန်စည်ကုန်သွယ်မှုပမာဏ သည် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၈.၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ ပို့ကုန်ပိုင်းတွင် ၇.၉ ရာခိုင်နှုန်းနှင့် သွင်းကုန်ပိုင်းတွင် ၉.၉ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ကာလအလိုက်ညှိနှိုင်းမှုစာရင်းအရ ဇူလိုင်လတွင် ပို့ကုန်တန်ဖိုး စင်ကာပူဒေါ်လာ ၃၉.၅ ဘီလီယံကျော်နှင့် သွင်းကုန်တန်ဖိုး စင်ကာပူဒေါ်လာ ၃၆.၂ ဘီလီယံကျော်ရရှိခဲ့သည့်အတွက် စုစုပေါင်းကုန်စည်ကုန်သွယ်မှုသည် စင်ကာပူဒေါ်လာ ၇၅.၈ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ဇူလိုင်လအတွင်း စက်သုံးဆီမဟုတ်သော ပြည်တွင်းထုတ်ပို့ကုန် (Non-Oil Domestic Exports) သည် ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ စက်သုံးဆီမဟုတ်သောပြည်တွင်းထုတ်ပို့ကုန်များကို အီလက်ထရွန်နစ်ပစ္စည်းပို့ကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်ဟူ၍ နှစ်မျိုးခွဲခြားထားရာ အီလက်ထရွန်နစ်ပစ္စည်းပို့ကုန်မှာ ၂.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး၊ အီလက်ထရွန်နစ် ပစ္စည်းမဟုတ်သောပို့ကုန်မှာ ၆.၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အီလက်ထရွန်နစ်ပစ္စည်းပို့ကုန် တင်ပို့မှုတိုးတက်ခဲ့ခြင်းမှာ အဓိကအားဖြင့် Disk Media ပစ္စည်း (၂၃%)၊ ဆက်သွယ်ရေးကိရိယာ ပစ္စည်းများ (၁၈.၂%) နှင့် ICs (၁.၅%) တို့ကို တိုးမြှင့်တင်ပို့နိုင်ခဲ့ခြင်းကြောင့်ဖြစ်ပြီး၊ အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်များတိုးတက်ခဲ့ခြင်းမှာ အထူးသဖြင့် ရွှေ (၂၂၇.၉%)၊ အထူးထုတ်လုပ်ထားသောစက်ပစ္စည်း (၆၀.၁%) နှင့် ဆေးဝါးပစ္စည်း (၁၅.၅%) တို့ကို ပိုမိုတင်ပို့နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ အဆိုပါစက်သုံးဆီမဟုတ်သောပြည်တွင်းထုတ်ပို့ကုန်များကို ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ တရုတ်နှင့် အီးယူ ၂၇ နိုင်ငံတို့မှလွဲ၍ စင်ကာပူ၏ အခြားအဓိကဈေးကွက်များသို့ တိုးမြှင့်တင်ပို့နိုင်ခဲ့ပြီး၊ အထူးသဖြင့် အမေရိကန် (၉၈.၇%)၊ တောင်ကိုရီးယား (၅၆.၃%) နှင့် ထိုင်ဝမ် (၁၈.၇%) ဈေးကွက်များသို့ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ သို့ရာတွင် ဖွံ့ဖြိုးဆဲဈေးကွက်များသို့

တင်ပို့မှုသည် ၂၂ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း ဖော်ပြထားပါသည်။

ဇူလိုင်လတွင် စက်သုံးဆီတင်ပို့မှုအနေဖြင့် အီးယူ ၂၇ နိုင်ငံ (- ၈၇.၈%) ၊ အင်ဒိုနီးရှား (- ၅၉.၃%) နှင့် မလေးရှား (-၃၃.၄%) နိုင်ငံများသို့ တင်ပို့မှုကျဆင်းခဲ့သည့်အတွက် စင်ကာပူ၏ စက်သုံးဆီပို့ကုန်သည် ၅၀.၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် စက်သုံးဆီမဟုတ်သောကုန်ပစ္စည်းများ ပြန်လည်တင်ပို့မှု (Non-Oil Re-exports) သည်လည်း ၂.၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

**Source: Ministry of Trade & Industry, Singapore**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## အိန္ဒိယနိုင်ငံ၌ အခွန်အရပ်ရပ်ကောက်ခံရရှိမှု လျော့ကျလျက်ရှိခြင်း

အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အကျပ်အတည်းကြောင့် ပြည်တွင်းဝယ်လိုအားနှင့် ကုန်ထုတ်လုပ်မှုတို့ ကျဆင်းပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အခွန်အရပ်ရပ်ကောက်ခံရရှိမှုမှာ ယခင်နှစ်ထက် သိသာစွာလျော့ကျလျက်ရှိရာ ကုန်စည်နှင့်ဝန်ဆောင်မှုအခွန် (Goods and Services Tax – GST) ဥပဒေအရ ပြည်နယ်ဒေသန္တရအစိုးရများသို့ ပေးလျော်ရမည့် နစ်နာ ကြေးများအား ဗဟိုအစိုးရအနေဖြင့် ရှေ့လာမည့်ကာလများတွင် ခွဲဝေပေးနိုင်မည့် အခြေအနေမရှိကြောင်း သိရှိရပါသည်။

၂၈.၇.၂၀၂၀ နေ့၌ကျင်းပခဲ့သော ဘဏ္ဍာရေးဆိုင်ရာ လွှတ်တော်အမြဲတမ်းကော်မတီ၏ အစည်းအဝေးတွင် အတိုက်အခံပါတီများမှ ကော်မတီအဖွဲ့ဝင်များ၏ မေးမြန်းမှုအပေါ် အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနမှ အတွင်းဝန် Mr. Ajay Bhushan Pandey က ယခုဘဏ္ဍာရေးနှစ်အတွင်း COVID-19 ဗိုင်းရပ်စ်ကူးစက်မှုကြောင့် အခွန်ကောက်ခံရရှိမှုမှာ ကျဆင်းလျက်ရှိကြောင်း၊ သို့ဖြစ်ရာ ဗဟိုအစိုးရအနေဖြင့် ပြည်နယ်များသို့ GST နစ်နာကြေးများကို ခွဲဝေပေးနိုင်ချေမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ပြည်နယ်အစိုးရများအနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း ၎င်းတို့၏ အသုံးစရိတ် လိုအပ်ချက် များအား ဗဟိုအစိုးရထံမှ GST နစ်နာကြေးဖြင့် ရန်ပုံငွေဖြည့်ဆည်းနိုင်မည့် အခြေအနေ မရှိသည့် အပေါ် စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။ ကီရာလာပြည်နယ်အစိုးရအဖွဲ့မှ ဘဏ္ဍာရေးဝန်ကြီး Mr. Thomas Isaac က ဘဏ္ဍာရေးဆိုင်ရာ လွှတ်တော်အမြဲတမ်းကော်မတီ၏ အစည်းအဝေး မတိုင်မီ ကပင် ဗဟိုအစိုးရအနေဖြင့် GST နစ်နာကြေးငွေများ ချမှတ်ပေးနိုင်ခြင်းမရှိသည့်ဘက်မှ ရပ်တည် လျက် လက်ရှိ အစီအစဉ်များအား ကုန်စည်နှင့်ဝန်ဆောင်မှု အခွန်ဆိုင်ရာ GST ကောင်စီဖြင့် ပြန်လည်ပြင်ဆင်မည်ဟု သတင်းများ ကြားသိရကြောင်း၊ ယခုကဲ့သို့ပြောဆိုခြင်းသည် ဗဟိုနှင့်ပြည်နယ်အစိုးရအဖွဲ့များအကြား ယုံကြည်မှုကို ဖောက်ဖျက်ရာ ရောက်ကြောင်းနှင့် ဗဟိုအစိုးရအနေဖြင့် ကတိကဝတ်ထားရှိသည့်အတိုင်း ဆောင်ရွက်စေရန်အတွက် GST ကောင်စီ၏ အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပသင့်ကြောင်း ပြောကြားပါသည်။

ပန်ဂျပ်ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး Mr. Manpreet Singh Badal ကလည်း ပြည်နယ် အစိုးရများသည် GST နစ်နာကြေးငွေများကို ၂၀၂၀ ပြည့်နှစ် မတ်လအထိအတွက်သာရရှိခဲ့ကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဧပြီလမှ ဇူလိုင်လအထိ ၄ လစာ ကျန်ရှိနေကြောင်း၊ ၎င်းပမာဏသည် ပန်ဂျပ်ပြည်နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၏ ၂ လအတွက် လစာငွေနှင့် ညီမျှမှု ရှိကြောင်း၊ ပြည်နယ်များအားလုံးသည် အလားတူအခြေအနေကြုံတွေ့နေရလျက်ရှိရာ ထိုကဲ့သို့ သော အထင်အမြင်လွဲမှားစေမည့် ပြောဆိုမှုများအားရပ်တန့်၍ စေ့ရောက်လျက်ရှိသည့် နစ်နာကြေးငွေများအား ထုတ်ပေးသင့်ကြောင်း ပြောဆိုပါသည်။

အိန္ဒိယနိုင်ငံ၌ ယခင်က သွယ်ဝိုက်ခွန်အမျိုးမျိုးတို့ကို ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများ က နှုန်းထားများကွဲပြားစွာဖြင့် သီးခြားစီကောက်ခံလျက်ရှိရာမှ ကုန်စည်နှင့်ဝန်ဆောင်မှု အခွန်ဥပဒေကို ပြဋ္ဌာန်းလျက် ကုန်စည်နှင့်ဝန်ဆောင်မှု အမျိုးအစားပေါ် မူတည်လျက် အခွန်နှုန်းထားများ ခွဲခြားသတ်မှတ်ပြီး GST အခွန်တစ်မျိုးတည်းကိုသာ တစ်နိုင်ငံလုံး တစ်ပြေးညီစနစ်ဖြင့် ကောက်ခံခြင်းအား ၁.၇.၂၀၁၇ နေ့မှ စတင်ကျင့်သုံးခဲ့ပါသည်။ အဆိုပါ ဥပဒေပါ ပြဋ္ဌာန်းချက်များ အရ ကောက်ခံရရှိသည့် GST အခွန်ကို သတ်မှတ်ရာခိုင်နှုန်းဖြင့် ဗဟိုအစိုးရနှင့်ပြည်နယ်အစိုးရများအကြား ခွဲဝေခြင်းဖြစ်ပြီး ပြည်နယ်များ၏ အခွန်လျော့နည်းဆုံးရှုံးရရှိမှုအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အခွန်ရရှိငွေကို အခြေခံထားလျက် နှစ်စဉ် ၁၄% ထပ်ပေါင်းတိုးမြှင့် တွက်ချက်ရရှိသည့် ပမာဏအား ၅ နှစ်တာကာလအထိ နစ်နာကြေးအဖြစ် ဗဟိုအစိုးရက ပြည်နယ်များသို့ ပေးအပ်ရပါသည်။

ဗဟိုအစိုးရအနေဖြင့် အဖျော်ယမကာ၊ စီးကရက်၊ ဆေးရွက်ကြီး စသည့်ကုန်စည်များနှင့် မော်တော်ယာဉ်ကဲ့သို့သော တန်ဖိုးကြီးဇိမ်ခံပစ္စည်းများအပေါ် နှစ်စဉ် ထပ်ဆောင်းကောက်ခံရရှိ သည့် အခွန်ဘဏ္ဍာငွေမှ အဆိုပါ GST နစ်နာကြေးများကို ခွဲဝေပေးလျက်ရှိရာ ယခင်နှစ်များ၌ အခွန်ကောက်ခံရရှိမှုမှာ ပြည်နယ်များသို့ ပြန်လည်ခွဲဝေပေးရမည့် ပမာဏအတွက် လုံလောက်မှုရှိခဲ့ကြောင်း၊ သို့ရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ ပြည်နယ်များသို့ တိုးမြှင့်ပေးအပ်ရမည့် GST နစ်နာကြေး စုစုပေါင်း ရူပီးငွေ ၁၆၅၃.၀၂ ဘီလီယံရှိပြီး ထပ်ဆောင်းအခွန်များ ကောက်ခံရရှိမှုမှာ ရူပီးငွေ ၉၅၄.၄၄ ဘီလီယံသာ ရရှိခဲ့ကြောင်း၊ ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် GST အခွန် ပမာဏအား ယခင်နှစ်နည်းတူ ကောက်ခံရရှိပါက ပြည်နယ်များသို့ နစ်နာကြေး ရူပီး ၁၈၈၀ ဘီလီ ယံအထိ ပေးအပ်ရလိမ့်မည်ဟု ခန့်မှန်းတွက်ချက်ရကြောင်း၊ သို့သော် COVID-19 ဗိုင်းရပ်စ် ကူး စက်မှုကြောင့် အခွန်အရပ်ရပ်ကောက်ခံရှိမှု ကျဆင်းလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် ဧပြီလမှ ဇွန်လ အထိ ကုန်စည်နှင့်ဝန်ဆောင်မှုများအပေါ် ပထမသုံးလပတ် GST အခွန်ကောက်ခံရှိမှုမှာ ယခင်နှစ် ကာလတူအောက် ၄၁% လျော့ကျလျက် ရူပီး ၁၈၅၂.၂ ဘီလီယံသာ ရရှိကြောင်းဖြင့် Hindustan Times သတင်းဌာနမှ ဖော်ပြပါသည်။

ဗဟိုအစိုးရ အနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မတ်လအတွက် ကျန်ရှိနေသည့် GST နစ်နာကြေး ရူပီးငွေ ၁၃၈.၀၆ ဘီလီယံအား ၂၇.၇.၂၀၂၀ နေ့၌မှသာ ပြည်နယ်အစိုးရများသို့ ခွဲဝေပေးနိုင်ခဲ့ပါသည်။ ပြည်နယ်အစိုးရများသို့ ၂၀၂၀ ပြည့်နှစ် ဧပြီလမှစ၍ GST နစ်နာကြေးများ ခွဲဝေပေးရန်မှာ စာရင်းအင်းသဘောအရ လက်ကျန်ငွေမရှိတော့ကြောင်းနှင့် ကုန်စည်နှင့် ဝန်ဆောင်မှု အခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ အခွန်ကောက်ခံရရှိမှုကျဆင်းခဲ့ပါက ဗဟိုအစိုးရအနေဖြင့် ၎င်းနစ်နာကြေးများ ပေးအပ်မှုကို ဆိုင်းငံ့ထားပိုင်ခွင့်ရှိကြောင်းနှင့် ဤအကျပ်အတည်းကို ဖြေရှင်းနိုင်ရန် အိန္ဒိယဘဏ္ဍာရေး ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် GST ကောင်စီသည် လာမည့်ဩဂုတ်လအတွင်း အစည်းအဝေးခေါ်ယူဆွေးနွေးညှိနှိုင်းမည် ဖြစ်ကြောင်းဖြင့် ဌာနဆိုင်ရာ အသိုင်းအဝိုင်းမှ ပြောဆိုကြကြောင်း သိရှိရပါသည်။

ပြည်နယ်အစိုးရများ၏ အသုံးစရိတ်များအတွက် ဘဏ္ဍာငွေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်မှာ GST နစ်နာကြေး ခွဲဝေပေးရန် သတ်မှတ်ကုန်စည်များအပေါ် ကောက်ခံလျက်ရှိသော ထပ်ဆောင်းအခွန်များအား တိုးမြှင့်ခြင်း၊ ၎င်းထပ်ဆောင်း အခွန်ကောက်ခံသည့် ကုန်စည်အမျိုးအမည်များကို ထပ်မံချဲ့ထွင်ခြင်း၊ ပြည်နယ်များသို့ ချေးငွေများထုတ်ပေးပြီး နောက်ပိုင်း ကာလများတွင် ဗဟိုအစိုးရကပေးအပ်ရမည့် နစ်နာကြေးငွေမှခုနှိမ်ခြင်း စသည့်နည်းလမ်းများရှိနေသော်လည်း GST နစ်နာကြေးနှင့်စပ်လျဉ်း၍ ပေးအပ်ရမည့်ပမာဏနှင့် ကာလပိုင်းအခြားတို့ကို ဗဟိုအစိုးရနှင့်ပြည်နယ်အစိုးရများအကြား ဦးစွာ ညှိနှိုင်းဆွေးနွေးရန် လိုအပ်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ပြောဆိုလျက်ရှိကြပါသည်။

**Source:** **1. GST compensation: ₹1.88L-cr needed to recoup states' shortfall,** 30 Jul 2020, **Hindustan Times**

**2. States voice concern over pending FY21 GST dues,** 30 Jul 2020, **Indian Express**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## STOCK EXCHANGE (18.8.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 18th Aug. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,500 | 10,000 | 2,598 | 26,080,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,750 | 3,750 | 3,750 | 1,631 | 6,116,250 | 38,929,150 | 145,984 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 6 | 48,000 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 20 | 440,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,750 | 2,750 | 2,750 | 1 | 2,750 | 12,823,224 | 35,264 |
| EFR | 00006 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 6 | 18,300 | 19,977,223 | 60,931 |


## Market summary

As of 18th Aug. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 437.44 | -0.44 | -0.10% | 437.44 | 446.56 | 437.44 | 4,262 | 32,705,300 | 6 | 650,899 |

### Index chart




# Market Overview

As of 1:00 pm, 18th Aug. 2020

| MYANPIX | 437.44 ▼ 0.44 |
|---|---|
| Total Volume (shares) | 4,262 |
| Total Value (MMK) | 33 mil |
| Listed Company | 6 |
| Market Cap. (MMK) | 650,899 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,750 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▼ 50 |
| EFR | 00006 | 3,050 | ▲ 0 |